ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

ညွှန်ကြားချက်အမှတ်( ၁ / ၂၀၂၁)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း( ၉ )ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)

နှစ်ပတ်လည်အစီရင်ခံစာဆိုင်ရာ လမ်းညွှန်ချက်များ ထုတ်ပြန်ရန်

လုပ်ငန်းအဖွဲ့(Working Group) ဖွဲ့စည်းခြင်း

၁။ ရန်ကုန်စတော့အိပ်ချိန်း၏ စာရင်းဝင်ကုမ္ပဏီများ၊ Main Board နှင့်Pre-Listing Board တို့တွင် စာရင်းဝင်ရန်ပြင်ဆင်နေကြသောကုမ္ပဏီများ၊ အစုရှယ်ယာရှင်(၁၀၀)နှင့် အထက်ရှိသည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီများအနေဖြင့် ၎င်းတို့ထုတ်ပြန်နေသည့် နှစ်ပတ်လည်အစီရင်ခံစာများကို ပိုမို၍ ပြည့်စုံစေရန်လည်းကောင်း၊ OECD မှ ထုတ်ပြန်သည့် နှစ်ပတ်လည် အစီရင်ခံစာ နမူနာပုံစံနှင့် ကော်ပိုရိတ်ဆိုင်ရာ ဖွင့်ဟကြေညာမှုလမ်းညွှန်ချက်များ(CG Notification)တို့နှင့် ပိုမိုကိုက်ညီစေရန်လည်းကောင်း၊ တူညီသည့် (Format) ပုံစံများဖြစ်စေရန်အတွက်လည်းကောင်း ရင်းနှီးမြှုပ်နှံသူများ လွယ်လင့်တကူဖတ်ရှုနိုင်ရန် အတွက်လည်းကောင်း နှစ်ပတ်လည်အစီရင်ခံစာ လမ်းညွှန်ချက် (Annual Report Guidelines) နှင့် သက်ဆိုင်သည့်ပုံစံ (Template) တစ်ခုရေးဆွဲရန် အောက်ပါပုဂ္ဂိုလ်များပါဝင်သည့် နှစ်ပတ်လည်အစီရင်ခံစာဆိုင်ရာ လမ်းညွှန်ချက်များထုတ်ပြန်ရေး လုပ်ငန်းအဖွဲ့ (Working Group) ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ဦးမင်းသူ — အဖွဲ့ခေါင်းဆောင်
Executive Senior Manager
Market Department/ Listing and Trading
Participants Department
Yangon Stock Exchange (YSX)

(ခ) ဒေါ်ခိုင်စိုးဝေ — အဖွဲ့ဝင်
ဦးစီးအရာရှိ
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

(ဂ) ဒေါ်မေသူရိန်ထက် အဖွဲ့ဝင်
Deputy Senior Manager
Market Promotion Department
Yangon Stock Exchange (YSX)

(ဃ) ဦးဇေယျာလင်း အဖွဲ့ဝင်
Assistant Manager
Listing and Trading Participants Department
Yangon Stock Exchange (YSX)

(င) Myanmar Securities Exchange Center အဖွဲ့ဝင်
မှ ကိုယ်စားလှယ်(၁)ဦး

(စ) KBZ Stirling Coleman Securities Co., Ltd အဖွဲ့ဝင်
မှ ကိုယ်စားလှယ်(၁)ဦး

(ဆ) AYA Trust Securities Co., Ltd အဖွဲ့ဝင်
မှ ကိုယ်စားလှယ်(၁)ဦး

(ဇ) KTZ Ruby Hill Securities Co., Ltd အဖွဲ့ဝင်
မှ ကိုယ်စားလှယ်(၁)ဦး

၂။ လုပ်ငန်းအဖွဲ့ (Working Group) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါ သည်-

(က) ရန်ကုန်စတော့အိပ်ချိန်းမှ (OECD နှင့် CG Notification တွင် ပါဝင်သည့် နှစ်ပတ်လည် အစီရင်ခံစာ နမူနာပုံစံတို့အပေါ် အခြေခံ၍) နှစ်ပတ်လည် အစီရင်ခံစာမူကြမ်း ရေးဆွဲကာ လုပ်ငန်းအဖွဲ့ (Working Group) ၏ သက်ဆိုင်ရာ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများ၏ (Investment Banking) ဌာနတွင် ပါဝင်သော အဖွဲ့ဝင်များထံသို့ ပေးပို့ရန်၊

(ခ) အဆိုပါအဖွဲ့ဝင်များမှ မူကြမ်းအား ဖတ်ရှုသုံးသပ်၍ အသေးစိတ်ဖော်ပြချက်များ၊ မှတ်စုတိုနှင့်နမူနာများ ထပ်မံထည့်သွင်းလျက် သုံးသပ်ချက်များ၊ ပြင်ဆင် ချက်များဖြင့် (Study Group) သို့ပေးပို့ရန်၊

(ဂ) Study Group မှ စိစစ်ပြင်ဆင်ပြီးသော နှစ်ပတ်လည်အစီရင်ခံစာ နောက်ဆုံး မူကြမ်းနှင့် Guideline ကို ရန်ကုန်စတော့အိပ်ချိန်း၏ ဒါရိုက်တာအဖွဲ့(Board of Director) သို့ တင်ပြ အတည်ပြုချက်ရယူပြီး ကော်မရှင်သို့ တင်ပြ၍ အတည်ပြုချက် ရယူရန်၊

(ဃ) ကော်မရှင်မှ အတည်ပြုပြီးသော နှစ်ပတ်လည်အစီရင်ခံစာ လမ်းညွှန်ချက် (Annual Report Guidelines) အား အများပြည်သူသို့ ထုတ်ပြန်ကြေငြာရေး ဆောင်ရွက်ရန်။

၃။ လုပ်ငန်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက် တိုးတက်မှုအခြေအနေအား ကော်မရှင်သို့ အပတ်စဉ် တင်ပြရမည်။

၄။ လုပ်ငန်းအဖွဲ့ (Working Group) သည် OECD ညွှန်ကြားချက်များ၊ အာဆီယံ စတော့အိပ်ချိန်းစာရင်းဝင်ကုမ္ပဏီများ၏ နှစ်ပတ်လည်အစီရင်ခံစာပုံစံများကို ပုံမှန်လေ့လာ သုတေသနပြုကာ လိုအပ်ချက်များ၊ ပြုပြင်ပြောင်းလဲရမည့် အချက်များတွေ့ရှိတိုင်း အထက်ဖော်ပြပါ လုပ်ငန်းစဉ်များနှင့်အညီ ကော်မရှင်သို့ တင်ပြရမည်ဖြစ်သည်။

(မောင်မောင်ဝင်း)

ဥက္ကဋ္ဌ

စာအမှတ်၊ ကော်မရှင်-၃/၃/၁ ( ၇၃ /၂၀၂၁)

ရက်စွဲ၊ ၂၀၂၁ ခုနှစ်အောက်တိုဘာလ ၁၄ ရက်

ဖြန့်ဝေခြင်း

ရန်ကုန်စတော့အိပ်ချိန်း

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ

စာရင်းဝင်ကုမ္ပဏီများ